# ပုံတော်စုံ ပဋ္ဌာန်းတရားတော်



အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

# ပုံတော်စုံ ပဋ္ဌာန်းတရားတော်

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပင်

Email : ven.khemananda.brahmana@gmail.com

website:www.dhammatrainingcenter.com

# ရန်ကင်းတောင်စာစဉ် အမှတ် (၅၁)


**ပုံနှိပ်** ✣ ရွှေနိုင်ငံ (မြဲ-၀၀၂၉၆) အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

**ထုတ်ဝေသူ** ✣ ဦးသိန်းထွေး(မြဲ-၀၂၂၉၁)၊ ပန်းဆွေမွန်စာပေ
အမှတ်(၂၆)၊ အောင်သပြေအရှေ့(၁)လမ်း၊ (၇/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။

**ဖြန့်ချိရေး** ✣ **ရန်ကင်းတောင်စာစဉ်၊ နေပြည်တော်**
ဖုန်း ၀၉-၄၃၀ ၇၅၇၀၄၊ ၀၉-၇၉၇ ၃၀၃၀၂၁
**သော်တာစန်းစာပေ၊ နေပြည်တော်**
ဖုန်း ၀၉-၄၃၀ ၃၅၄၉၅၊ ၀၉-၇၉၇ ၉၂၁ ၂၈၀
**သစ္စာမဏ္ဍိုင်ပိဋကစာပေ** (ရွှေတိဂုံဘုရားတောင်ဘက်မုခ်)
ဖုန်း ၀၉-၅၀၆၀ ၈၄၅၊ ၀၉-၄၅၀ ၁၉၁ ၁၄၂

**တန်ဖိုး** ✣ ကျပ်

**အုပ်ရေ** ✣ ၅၀၀၀ (ပထမအကြိမ်) ၂၀၂၅ ခုနှစ်၊ မေလ

# စကားဦး

ယနေ့ခေတ် အခါသမယ၌ ပရိယတ္တိဝိသာရဒ ဖြစ်တော်မူသော ရဟန်းသံဃာတော်များသာမက လူပုဂ္ဂိုလ်များစွာကလည်း ပဋ္ဌာန်းတရားတော်အပေါ်၌ ယုံကြည်မှုသဒ္ဓါတရား ဖြိုးမောက်ပြည့်လျှံ၍ လာနေသည်ကို အံ့သြကြည်နူးဖွယ် မြင်တွေ့နေရပါသည်။ တစ်ဖန် လူဒါယကာတို့ကို မဆိုထားဘိ ဒါယိကာမများကပင် ပဋ္ဌာန်းတရားကို နေ့စဉ် အဓိဋ္ဌာန်ထားပြီး ပူဇော်နေကြသည်အထိ သဒ္ဓါတရားများ တိုးပွားနေကြပါသည်။

ဒါယကာ၊ ဒါယိကာမများသည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ပဋ္ဌာန်းတရားတော်ကို ပူဇော်နေကြမည်ဟုထင်ပါသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ပူဇော်ကြသည်ဖြစ်စေ ဘုရားရှင်နှုတ်တော်ထွက် ပဋ္ဌာန်းတရားတော်ကို ပူဇော်နေကြသဖြင့် အားပေးရပါမည်။ လိုအပ်သည့် အခက်အခဲများကိုလည်း တတ်စွမ်းသမျှ ကူညီ ဖြည့်ဆည်းပေးရပါမည်။

ဤတွင် ပဋ္ဌာန်းတရားတော်ကို ပူဇော်သူအများစု၌ အခက်အခဲတစ်ခု အမြဲ ကြုံရတတ်ပါသည်။ ၎င်းအခက်ခဲမှာ ပဋ္ဌာန်းတရားတော်၏ အနက်အဓိပ္ပာယ်ကို လက်လှမ်း မမီနိုင်ခြင်းပင် ဖြစ်သည်။

အမှန်တကယ်အားဖြင့်လည်း ပဋ္ဌာန်းတရားတော်မြတ်သည် ထိုးထွင်း၍ မသိနိုင်လောက်အောင်ပင် ခက်ခဲနက်နဲလွန်းပါသည်။ လောကရေးရာ ကိစ္စရပ်များပမာ ကြံစည်တွေးတော စဉ်းစားဆင်ခြင် ကြည့်ရုံမျှဖြင့်လည်း သိရှိနိုင်သည့်တရားမျိုး မဟုတ်ပေ။ ထို့ကြောင့် ရှေးရှေးဆရာမြတ်များက နက်နဲသည့် ပဋ္ဌာန်းတရားတော်၏ အဓိပ္ပာယ်ကို သိလွယ်နိုင်ရန်အတွက် သစ်ပင်၊ တောတောင်၊ မြစ်ချောင်း၊ အင်းအိုင်၊ သမုဒ္ဒရာအသီးသီးတို့ဖြင့် ဥပမာပြု၍ ဖွင့်ဆိုပေးတော်မူခဲ့ကြပါသည်။

ကျေးဇူးရှင် ဆရာသခင်တို့၏ အဓိပ္ပာယ်ဖွင့်ဆို ပြသပေးတော်မူခဲ့သည့်အတိုင်း မြန်မာပန်းချီပညာရှင်များကလည်း ပန်းချီရေးဆွဲ ခြယ်မှုန်းခဲ့ကြပါသည်။ ထိုသရုပ်ဖော်ပုံ (၂၄)ပုံကို အမှီပြုပြီး ပဋ္ဌာန်း (၂၄)ပစ္စည်း၏ အဓိပ္ပာယ်ကို နားလည်လွယ်ရန် ဤစာအုပ်၌ ကြိုးစား၍ ဖွင့်ဆိုထားပါသည်။

ပဋ္ဌာန်းတရားတော်ကို ကြည်ညိုမြတ်နိုးသူ ဥပါသကာ၊ ဥပါသိကာမတို့အနေဖြင့် ဤစာအုပ်ပါ သရုပ်ဖော်ပုံ (၂၄)ပုံနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက် (၂၄)ပုဒ်တို့ကို ယှဉ်တွဲ၍ ဖတ်ရှုလေ့လာခြင်းဖြင့် ပဋ္ဌာန်းတရားတော်၏ အနက်အဓိပ္ပာယ် အလုံးစုံမဟုတ်စေကာမူ အနည်းငယ်မျှဖြစ်စေ ပေါ်လွင် ထင်ရှားလာလိမ့်မည်ဟု မျှော်လင့်ပါသည်။

"ပဋ္ဌာန်းအသိဉာဏ် ပွင့်ထွန်းနိုင်ပါစေ"

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ - သပြေပင်)

# ဤစာအုပ်အကြောင်း

ဤစာအုပ်ပါ ပဋ္ဌာန်းသရုပ်ဖော်ပုံတို့သည် တမွဝတီဆရာကြီး ဦးဝင်းမောင်၏ ခွင့်ပြုချက်ဖြင့် ပန်းချီဆရာဦးတင်ဌေးအောင်(မန္တလေး)က Landscape ပုံစံပြောင်း၍ ရေးဆွဲထားသော အဆိုပြုမူကြမ်း ခဲပန်းချီပုံကို ဆရာတော်မှ အတည်ပြုတော်မူပြီးနောက် ပညာရှင်များက ဆေးရောင်သွင်းထားသောပုံ ဖြစ်ပါသည်။

ဆရာကြီး၏မူလ ပန်းချီပုံမှာ Portrait ပုံများဖြစ်ပါသည်။ အဆိုပါပုံကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဝန်းရံထားသည့် ပဋ္ဌာန်းဂန္ဓကုဋီတိုက်ကျောင်း၌ ရုပ်ကြွပုံများ ရေးထွင်းနိုင်ရန် လိုအပ်လာသဖြင့် Landscape ပုံပြောင်း၍ရေးဆွဲစေခဲ့ခြင်းဖြစ်သည်။

Portrait မှသည် Landscape သို့ ပြောင်းလဲရေးဆွဲရာတွင် မူလပန်းချီ ဆရာကြီး၏ ပြဆိုချက်နှင့် ပဋ္ဌာန်းတရားတော်၏ အရကောက်အနက်အဓိပ္ပာယ်များသည် ပြန်လည်

ရေးဆွဲခဲ့သည့် ခဲပန်းချီ၌ ပြည့်ပြည့်စုံစုံ ပါဝင်ခြင်းရှိမရှိ စိစစ်အတည်ပြုရန်နှင့် ပုံ၏အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တို့ကို နားလည်လွယ်သော စကားလုံး အသုံးအနှုန်းတို့ဖြင့် ရေးသားပေးရန်တာဝန်သည် ရန်ကင်းတောရဆရာတော်ဘဒ္ဒန္တခေမာနန္ဒထံပါး ရောက်ရှိလာပါသည်။

ဆရာတော်သည် ရေးသားပြုစုဆောင်ရွက်ပြီးခဲ့သမျှတို့ကို ပါမောက္ခချုပ်ဆရာတော် Dr. နန္ဒမာလာဘိဝံသနှင့် မဟာဂန္ဓာရုံဘုံကျော်ဆရာတော်ကြီးတို့ထံပါး အကြိမ်ကြိမ် ဩဝါဒ ခံယူပြီး အတည်ပြုတော်မူခဲ့ပါသည်။

ဆရာတော်၏ ဆန္ဒအရ မူလပန်းချီဆရာကြီး တမ္ဗဝတီ ဦးဝင်းမောင်၏ Caption စာသားကို ညာဘက် စာမျက်နှာရှိ ပုံအောက်၌ ရေးသားပြီး ပဋ္ဌာန်းအဓိပ္ပာယ် ဖွင့်ဆိုချက်ကို ဘယ်ဘက် စာမျက်နှာ၌ ရေးသားထားပါသည်။

ဗုဒ္ဓဘာသာဝင်တိုင်း ရှိသေမြတ်နိုးကြသည့် ပဋ္ဌာန်းတရားတော်၏ အနက်အဓိပ္ပာယ်ကို အလွယ်တကူဖတ်ရှုပြီး ကုသိုလ်တိုးပွားစေရန်ရည်ရွယ်၍ စာအုပ်အဖြစ်ပုံနှိပ်ခြင်း ဖြစ်ပါသည်။

စာအုပ်စီစဉ်သည့် ကပ္ပိယကာရကများ

# ပဋ္ဌာန်းပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပစ္စယုဒ္ဒေသပါဠိ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊
ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊
ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

## ၁။ ဟေတုပစ္စယော

သစ်ပင်ကြီး၏ ရေသောက်မြစ်တို့သည် ထိုသစ်ပင်ကို စည်ပင် ဖွံ့ဖြိုးဝေဆာစေနိုင်သည်။

ထိုနည်းအတူ စွန့်လွှတ်နိုင်သည့် အလောဘ၊ ခွင့်လွှတ်နိုင်သည့် အဒေါသ၊ အသိအလိမ္မာ ဉာဏ်ပညာ အမောဟ ဟူသော ကုသိုလ်ရေသောက်မြစ်နှင့် လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ် ရေသောက်မြစ်တို့ကလည်း စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ကို စည်ပင်ဖွံ့ဖြိုးစေနိုင်ခြင်းသည် ဟေတုပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

"ရေသောက်မြစ်သည် သစ်ပင်ကြီးကို စည်ပင်ဖွံ့ဖြိုးစေရန် ထောက်ပံ့ပေးနိုင်သကဲ့သို့
လူသားအများ၏ သန္တာန်၌လည်း ကောင်းမွန်သော
အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ကုသိုလ်ဟိတ်တရားတို့ ရှင်သန်ပြီး
လောဘ၊ ဒေါသ၊ မောဟ ဟူသော အကုသိုလ်ဟိတ်တရားတို့ ကုန်ရာ၊ ကင်းရာချုပ်ငြိမ်းရာ
နိဗ္ဗာန်ထိတိုင်အောင် ကျေးဇူးပြုနိုင်ပါစေ"

## ၁။ ဟေတုပစ္စယော

### အရင်းအမြစ်အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

### *Hetu Paccaya (Root Condition)*



ရေသောက်မြစ်မှ အကိုင်းအခက်ကို စည်ပင်အောင်ထောက်ပံ့ပေးသကဲ့သို့သော
ဟိတ်ခြောက်ပါးတရား

## ၂။ အာရမ္မဏပစ္စယော

တောင်ဝေှး၊ ကြိုးတန်းတို့သည် မသန်မစွမ်းသော သက်ကြီးရွယ်အို လူမမာတို့အတွက် ထနိုင်၊ ထိုင်နိုင်၊ လမ်းလျှောက်နိုင်ရန် ဆွဲကိုင်စရာဖြစ်သည်။

ထိုနည်းအတူ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် အတွေးအကြံဟူသော အာရုံခြောက်ပါးတို့သည်လည်း စိတ်၊ စေတသိက်တို့ ဖြစ်ပေါ်လာရန်အတွက် ဆွဲကိုင်စရာ ဖြစ်ခြင်းသည် အာရမ္မဏပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

“ကြုံဆုံလာသမျှသော ရူပါရုံ အဆင်း၊ သဒ္ဒါရုံ အသံ၊ ဂန္ဓာရုံ အနံ့၊ ရသာရုံ အရသာ၊ ဖောဋ္ဌဗ္ဗာရုံ အထိအတွေ့နှင့် ဓမ္မာရုံ အတွေးအကြံ ဟူသော အာရုံ(၆)ပါးတို့ကိုအကြောင်းပြုပြီး

လူသားအများ အသိဉာဏ်များပွင့်ထွန်းကာ ဘဝသံသရာမှ

လွတ်မြောက်နိုင်သည်အထိ အကြောင်းအထောက်အပံ့ကောင်း ဖြစ်နိုင်ပါစေသား”

## ၂။ အာရမ္မဏပစ္စယော

### အာရုံအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

### *Ārammana Paccaya (Object support condition)*



တောင်ဝှေးကြီးတန်းသည် မစွမ်းသူကို ထောက်တွယ်ရာဖြစ်သကဲ့သို့သော
အာရုံခြောက်ပါးတရား

## ၃။ အဓိပတိပစ္စယော

မှူးကြီးမတ်ရာ၊ သေနာပတိအပါအဝင် ပြည်သူပြည်သားတို့သည် စကြဝတေးမင်းကြီး၏ အလိုသို့ လိုက်ပါကြရသည်။

ထိုနည်းအတူ ထက်သန်သော ဆန္ဒ၊ ကြံ့ခိုင်သော စိတ်ဓာတ်၊ မဆုတ်နစ်သော ဝီရိယနှင့် စူးစမ်းဆင်ခြင်နိုင်စွမ်းသော ဉာဏ်ပညာဟူသော နာမ်တရားလေးပါးအနက် တစ်ပါးပါးက အကြီးအမှူးဖြစ်နေလျှင် ကျန်သောနာမ်တရားတို့က အကြီးအမှူး၏ အလိုသို့ လိုက်ပါရခြင်းသည် အဓိပတိပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။


## ဆုတောင်း

"စကြဝတေးမင်းသည် ပြိုင်သူမရှိ အုပ်စိုးဘိသကဲ့သို့ လူတိုင်း၊ လူတိုင်း၏ စိတ်အစဉ်၌လည်း
ထက်သန်သော ဆန္ဒ၊ ကြံ့ခိုင်သော စိတ်ဓာတ်၊ မဆုတ်နစ်သော ဝီရိယနှင့်
စူးစမ်းဆင်ခြင်နိုင်စွမ်းသော ဉာဏ်ပညာအသီးသီးတို့က အချိန်နေရာအားလျော်စွာ
ဆတက်ထမ်းပိုး ထက်မြက်ကြပြီး လောကထက်မြင့်မြတ်သော လောကုတ္တရာတရားကို
ဘဝမခြား မျက်မှောက်ပြုနိုင်ရန်အထောက်အပံ့ကောင်းဖြစ်နိုင်ပါစေသား"

# ၃။ အဓိပတိပစ္စယော

## အကြီးအကဲအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Adhipati paccaya (Predominance condition)*



စကြာမင်းသည် ပြိုင်သူမရှိ အုပ်စိုးဘိသကဲ့သို့သော အဓိပတိပစ္စည်းတရား

## ၄။ အနန္တရပစ္စယော

စကြဝတေးမင်း သလွန်ထက်၌ နတ်ရွာစံသည်၏ အခြားမဲ့၌ သားကြီးရတနာက ရာဇပလ္လင်ထက်၌ စဉ်ဆက်မပြတ် ဘုရင်ဖြစ်လာသည်။

ထိုနည်းအတူ ရှေးရှေးစိတ်များ ချုပ်ပျောက်ကာ နောက်နောက်စိတ်များ ခဏမခြား စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်ပေါ်လာခြင်းသည်လည်း အနန္တရပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

"စကြဝတေးမင်း နတ်ရွာစံပြီးသည်၏အခြားမဲ့၌ သားကြီးရတနာ နန်းတက်သဖြင့် တစ်ဆက်တည်း အကြားမရှိ ဘုရင်ဖြစ်လာသကဲ့သို့ လူသားတို့၏ သန္တာန်၌လည်း ဖြူစင်ကောင်းမြတ်သော ကုသိုလ်စိတ်အစဉ်တို့က ခြားပြတ်ခြင်းမရှိဘဲ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာဖြစ်ထွန်းနိုင်ပါစေသား"

# ၄။ အနန္တရပစ္စယော

## အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Anantara Paccaya (Proximity condition)*



စကြာမင်းနတ်ရွာစံသော် သားကြီးနန်းတက်၏ ခြားပြတ်ခြင်းမရှိသကဲ့သို့သော
အနန္တရပစ္စည်းတရား

## ၅။ သမနန္တရပစ္စယော

စကြဝတေးမင်း တောထွက်သည်၏အခြားမဲ့၌ သားကြီးရတနာက ရာဇပလ္လင်ထက်၌ ဘုရင်ဖြစ်လာသည်။

ထိုနည်းအတူ ရှေးရှေးစိတ်များ ချုပ်ပျောက်ကာ နောက်နောက် စိတ်များ ခဏမခြားဘဲ ဆက်ကာ ဆက်ကာ ကောင်းစွာဖြစ်ပေါ်လာခြင်းသည်လည်း သမနန္တရပစ္စည်း၏ အစွမ်းသတ္တိ ဖြစ်သည်။


## ဆုတောင်း

“စကြဝတေးမင်းသည် အရညဝါသီ တောရပ်မှီသောအခါ၌ သားကြီးရတနာမှာ
တစ်ဆက်တည်း အကြားမရှိ ဘုရင်ဖြစ်လာသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ဖြူစင်ကောင်းမြတ်သော ကုသိုလ်စိတ်အစဉ်တို့
ခြားပြတ်ခြင်းမရှိဘဲ စဉ်ဆက်မပြတ် ဆက်ကာ ဆက်ကာ ဖြစ်နိုင်ပါစေသား”

# ၅။ သမနန္တရပစ္စယော

## ကောင်းစွာ အကြားမရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

***Samanantara Paccayo (Contiguity condition)***



စကြာမင်းတောထွက်သော် သားကြီးနန်းတက်၍ ခြားပြတ်ခြင်းမရှိသကဲ့သို့သော
သမနန္တရပစ္စည်းတရား

## ၆။ သဟဇာတပစ္စယော

မှောင်နေသည့်တိုက်ခန်းထဲတွင် ဆီမီးခွက် ညှိထွန်းသောအခါ ဆီမီးတောက်နှင့် အလင်းရောင်တို့သည် အတူတကွ ဖြစ်လာကြသည်။

ထိုနည်းအတူ အကြောင်းတရားများ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် အကျိုးတရားများ အတူတကွ ဖြစ်ပေါ်လာခြင်းသည်လည်း သဟဇာတပစ္စည်း၏ အစွမ်းသတ္တိ ဖြစ်သည်။

## ဆုတောင်း

“ဆီမီးခွက် ညှိထွန်းသောအခါ ဆီမီးတောက်နှင့် အလင်းရောင်တို့သည်
အတူတကွဖြစ်ကြသကဲ့သို့ လူသားတို့၏ သန္တာန်၌လည်း
ကောင်းမွန်သောနာမ်တရားနှင့် ကောင်းမွန်သောရုပ်တရားတို့ အတူတကွဖြစ်ကြပြီး
နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား”

# ၆။ သဟဇာတပစ္စယော

## ပစ္စယုပ္ပန်တရားတို့ကို အတူတကွအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Sahajata Paccaya (Connascence condition or Born together)*



ဆီမီးတောက်နှင့် အလင်းသည် အတူတကွဖြစ်ကြသကဲ့သို့သော
သဟဇာတခြောက်ပါးပစ္စည်းတရား

## ၇။ အညမညပစ္စယော

ထောင်ထားသော သစ်သားသုံးချောင်းတို့သည် မလဲမပြိုနိုင်ရန် အချင်းချင်း အပြန်အလှန် ထောက်ပံ့ထားကြသည်။

ထိုနည်းအတူ နာမ်တရားနှင့် ရုပ်တရားတို့သည်လည်း အချင်းချင်း အပြန်အလှန် ထောက်ပံ့ထားခြင်းသည် အညမညပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

"ထောင်ထားသော သစ်သားသုံးချောင်းတို့သည် အချင်းချင်း ထောက်ပံ့ထားသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ကောင်းမွန်သောနာမ်တရားနှင့် ကောင်းမွန်သောရုပ်တရားတို့
အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပြီး
ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေသား၊ စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေသား"

# ၇။ အညမညပစ္စယော

## အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သောတရား

## *Aññamañña Paccaya (Mutuality condition)*



သစ်သားသုံးခွထောက်သည် အချင်းချင်းထောက်ကန်ထားသကဲ့သို့သော
အညမညသုံးပါးပစ္စည်းတရား

## ၈။ နိဿယပစ္စယော

မဟာပထဝီမြေကြီးသည် သစ်ပင်၊ ပန်းပင်တို့၏ တည်ရာမှီရာဖြစ်သည်။

ထိုနည်းအတူ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စသည်တို့သည်လည်း စိတ်၊ စေတသိက်တို့၏ တည်ရာ မှီရာဖြစ်ခြင်းသည် နိဿယပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

"မြေကြီးသည် သစ်ပင်၊ ပန်းပင်တို့၏ တည်ရာမှီရာဖြစ်သကဲ့သို့
ကောင်းမွန်သော နာမ်တရားနှင့် ကောင်းမွန်သော ရုပ်တရားတို့ကလည်း
လူသားတို့၏သန္တာန်၌ အမှီရကြပြီး ဘဝသံသရာလွတ်မြောက်သည့်အထိ
ကောင်းကျိုးအစုစုတို့ကို ရွက်ဆောင်နိုင်ကြပါစေသား"

# ၈။ နိဿယပစ္စယော

## တည်ရာမှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Nissaya Paccayo (Dependence condition)*



မြေကြီးသည် သစ်ပင်တို့အားထောက်ပံ့ပေး၍ တည်ရာမှီရာဖြစ်စေသကဲ့သို့သော
နိဿယပစ္စည်းတရား

## ၉။ ဥပနိဿယပစ္စယော

မိုးကြီးရွာသွန်းခြင်းသည် သက်ရှိ၊ သက်မဲ့အရာအားလုံးအတွက် အားကြီးသော မှီရာ ဖြစ်သည်။

ထိုနည်းအတူ ယုံကြည်ခြင်း သဒ္ဓါ၊ ကိုယ်နှုတ်စောင့်စည်းခြင်း သီလ၊ အကြားအမြင် ဗဟုသုတ၊ ပေးကမ်းလှူဒါန်းခြင်း စာဂနှင့် စူးစမ်း ဆင်ခြင်နိုင်စွမ်းသော ဉာဏ်ပညာ အစရှိသော အကြောင်းတရားတို့သည်လည်း ဆိုင်ရာအကျိုးတရားတို့အပေါ် အားကြီးသော မှီရာဖြစ်ခြင်းသည် ဥပနိဿယပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။


## ဆုတောင်း

"ရွာသွန်းသောမိုးကြီးသည် သက်ရှိ၊ သက်မဲ့ အရာအားလုံးတို့အတွက် အားကြီးသော
မှီရာဖြစ်သကဲ့သို့ လူသားတို့၏ သန္တာန်၌လည်း ကုသိုလ်ကောင်းမှုတို့သည်
အားကြီးသော မှီရာဖြစ်ကြပြီး နိဗ္ဗာန်ထိတိုင် ကျေးဇူးပြုနိုင်ပါစေသား"

# ၉။ ဥပနိဿယပစ္စယော

## အားကြီးသော မှီရာအကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

***Upanissaya Paccaya (Strong dependence condition)***



ရွာသောမိုးသည် သစ်ပင်တို့အားထောက်ပံ့ပေး၍ ကြီးစွာသောမှီရာဖြစ်စေသကဲ့သို့သော
ဥပနိဿယပစ္စည်းတရား

## ၁၀။ ပုရေဇာတပစ္စယော

ကမ္ဘာဦးအစမှ ထွန်းလင်းခဲ့သော နေနှင့်လတို့သည် နောက်မှဖြစ်လာသော လူသားတို့အား အလင်းရောင်ဖြင့် ကျေးဇူးပြုသည်။

ထိုနည်းအတူ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဟူသော အာရုံငါးပါးနှင့် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် အစရှိသော ဝတ္ထုရုပ်များသည်လည်း ရှေးဦးစွာဖြစ်နှင့်ပြီး နောက်မှဖြစ်ပေါ်လာသော စိတ်၊ စေတသိက် တရားတို့အား ကျေးဇူးပြုခြင်းသည် ပုရေဇာတ ပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

"နေနှင့်လတို့သည် ကမ္ဘာဦးအစ ရှေးကဖြစ်၍ ကျေးဇူးပြုသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း
ကောင်းမွန်သော အာရုံ၊ ကောင်းမွန်သော ဟဒယဝတ္ထုရုပ်များ
ရှေးဦးစွာ ကြိုတင်ဖြစ်နှင့်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ကျေးဇူးပြုနိုင်ပါစေသား"

# ၁၀။ ပုရေဇာတပစ္စယော

ပစ္စယုပ္ပန်တရားများမဖြစ်မီ ရှေးဦးစွာဖြစ်၍ ဖြစ်ဆဲအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

***Purejata Paccaya (Prenascence condition)***



ကမ္ဘာဦး၌ နေနှင့်လတို့သည် ရှေးဦးစွာဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့သော ပုရေဇာတပစ္စည်းတရား

# ၁၁။ ပစ္ဆာဇာတပစ္စယော

လင်းတငှက်ငယ်တို့သည် မိဘများပြန်လာသောအခါ၌ အစာစားရလိမ့်မည်ဟူသော မျှော်လင့် တောင့်တမှုက သူ၏ ခန္ဓာကိုယ်ကို ကြီးထွားလာအောင် ထောက်ပံ့ပေးသည်။

ထိုနည်းအတူ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း တရားလေးပါးတို့ကြောင့် ဖြစ်လာကြသည့် ရုပ်တရားများ ဆက်လက်ရှင်သန်နိုင်ရန်လည်း နောက်နောက်စိတ်များက အထောက်အပံ့ပေးခြင်းသည် ပစ္ဆာဇာတပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

“လင်းတငှက်ကလေး၏ အစာအာဟာရကို တောင့်တသော အာသာဆန္ဒသည်
သူ၏ ခန္ဓာကိုယ်ကို ကြီးထွားလာအောင် အထောက်အပံ့ပြုသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ရှေးရှေးကဖြစ်နှင့်သော ရုပ်တရားတို့အား
နောက်နောက်၌ဖြစ်လာသော ကုသိုလ်နာမ်တရားတို့က လောကုတ္တရာတရားကို
မျက်မှောက်ပြုနိုင်သည့်အထိ ကျေးဇူးပြုနိုင်ပါစေသား”

## ၁၁။ ပစ္ဆာဇာတပစ္စယော

နာမ်တရား၏ နောက်၌ဖြစ်၍ ရုပ်များအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

***Pacchajata Paccayo (Postnascence condition)***



လင်းတငယ်သည် အာသာဆန္ဒဖြင့် အသက်ရှင်နိုင်ရန် နောက်မှဖြစ်ခြင်းက
ကျေးဇူးပြုသကဲ့သို့သော ပစ္ဆာဇာတပစ္စည်းတရား

## ၁၂။ အာသေဝနပစ္စယော

နံ့သာတုံး၊ နံ့သာခဲများကို ထပ်ပြန်တလဲလဲ ထုံမွမ်းပါက ရှေးရှေးအမွှေးအကြိုင် ထုံမွမ်းမှုက နောက်နောက်အမွှေးအကြိုင် ထုံမွမ်းမှုကို အားကောင်းလာစေပါသည်။

ထိုနည်းအတူ ရှေးရှေးဇောစိတ်တို့က နောက်နောက်ဇောစိတ်များကို ဂုဏ်သတ္တိသာလွန်၍ အားကောင်းလာစေရန် အကြိမ်ကြိမ် ထုံမွမ်းခြင်းသည် အာသေဝနပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။


## ဆုတောင်း

"ရှေးရှေး အမွှေးအကြိုင် ထုံမွမ်းမှုက နောက်နောက် အမွှေးအကြိုင် ထုံမွမ်းမှုကို
အားကောင်းလာစေသကဲ့သို့ လူသားတိုင်း၊ လူသားတိုင်း၏ သန္တာန်၌လည်း
ကောင်းမွန်သော ကုသိုလ်တရားတို့ကို အဖန်တလဲလဲ ထပ်ခါထပ်ခါ ထုံမွမ်းကာ
အရိယာမဂ်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား"

# ၁၂။ အာသေဝနပစ္စယော

နောက်ဇောများအား ဂုဏ်သတ္တိသာလွန်ရန်၊ အားကောင်းရန် အကြိမ်ကြိမ် ဖြစ်စေခြင်း ထုံမွမ်းခြင်းဖြင့် ကျေးဇူးပြုသောပစ္စည်း

***Āsevana Paccaya (Repetitive condition)***



ရှေးရှေးနံ့သာကို ထပ်ခါထပ်ခါ ထုံသကဲ့သို့သော အာသေဝနပစ္စည်းတရား

## ၁၃။ ကမ္မပစ္စယော

ဖလားခွက်ထဲတွင် ထည့်ယူလာသော မျိုးစေ့သည် သူ၏မျိုးရိုးဗီဇအလိုက် အပင် ပေါက်ကြလေသည်။

ထိုနည်းအတူ သတ္တဝါတို့သည်လည်း ရှေးရှေးဘဝများက ထူထောင်ထားခဲ့သည့် ကံမျိုးစေ့အတိုင်း ထိုထိုဘုံဘဝတို့၌ ဖြစ်တည်နေခြင်းသည် ကမ္မပစ္စည်း၏ အစွမ်းသတ္တိ ဖြစ်သည်။

## ဆုတောင်း

"သစ်ပင်တို့သည် မျိုးဗီဇအလိုက် ပေါက်ရောက် ရှင်သန်ကြသကဲ့သို့
လူသားတိုင်း၊ လူသားတိုင်း၏ သန္တာန်၌လည်း ကောင်းမွန်မြင့်မြတ်သော
ကုသိုလ်ကံမျိုးစေ့တို့ကို ရှင်သန်အောင် ပြုစုပျိုးထောင်နိုင်ပြီး
ဖြစ်လေရာဘဝတိုင်း၌ ကောင်းကျိုးအဆက်ဆက်ကို ရရှိခံစားနိုင်ကြပါစေသား"

# ၁၃။ ကမ္မပစ္စယော

## စေ့ဆော်ခြင်းသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Kamma Paccaya (Khamma condition)*



သစ်ပင်မျိုးစေ့တို့သည် ဗီဇအမူအရာအလိုက် ရှင်သန်ပေါက်ရောက်သကဲ့သို့သော ကမ္မပစ္စည်းတရား

## ၁၄။ ဝိပါကပစ္စယော

ရေပြင်၊ သစ်ပင်၊ တောတောင်နှင့် လရောင်တို့သည် ငြိမ်သက်အေးချမ်းကာ ကြောင့်ကြ ဗျာပါရ ကင်းနေသည်။

ထိုနည်းအတူ အကျိုးဝိပါက်တို့သည်လည်း ကြောင့်ကြဗျာပါရ ကင်းစွာဖြင့် အတူ ဖြစ်ဖက် နာမ်ရုပ်တရားတို့ကို ကျေးဇူးပြုခြင်းသည် ဝိပါကပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။


## ဆုတောင်း

"အကျိုးဝိပါက်နာမက္ခန္ဓာတို့သည် အတူဖြစ်ဖက် နာမ်ရုပ်တရားတို့ကို
ကျေးဇူးပြုသကဲ့သို့ လူသားတို့သည်လည်း
လူ့ပြည် နတ်ရွာသုဂတိဘုံဘဝမှသည် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေသား"

# ၁၄။ ဝိပါကပစ္စယော

## အားထုတ်မှုမရှိ ငြိမ်သက်ခြင်းအားဖြင့် ကျေးဇူးပြုသောပစ္စည်း

***Vipaka Paccaya (Resultant condition)***



လေပြည်လာသော အရိပ်အာဝါသအောက်မှ ငြိမ်းချမ်းငြိမ်သက်စေသော ဝိပါကပစ္စည်းတရား

## ၁၅။ အာဟာရပစ္စယော

အိုမင်းဟောင်းနွမ်းနေသည့် အိမ်အိုကြီး မလဲမပြိုစေရန် ကျားကန်၍ ထောက်ပံ့ပေးထားရသည်။

ထိုနည်းအတူ ရုပ်အာဟာရ၊ နာမ်အာဟာရအကြောင်းတရားတို့ကလည်း သတ္တဝါတို့ကို အသက်ရှင်ရပ်တည်နိုင်ရန် ထောက်ပံ့ပေးထားခြင်းသည် အာဟာရပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

“အိမ်အိုကြီးကို မလဲမပြိုရလေအောင် ကျားတိုင်များဖြင့် ထောက်ကန်ထားသကဲ့သို့
လူသားတို့၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာကိုလည်း ကောင်းမွန်သော ရုပ်အာဟာရနှင့်
ကောင်းမွန်သော နာမ်အာဟာရတို့ဖြင့် အထောက်အပံ့ပြုကာ
ကိုယ်ကျန်းမာကြပါစေသား၊ စိတ်ချမ်းသာကြပါစေသား”

# ၁၅။ အာဟာရပစ္စယော

ရုပ်၊ နာမ် တရားများအား ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

***Ahara Paccayo (Nutriment condition)***



အိမ်အိုကို မယိမ်းမယိုင်စေရန် ကျားကန်ကာ ထောက်ပံ့ပေးသကဲ့သို့သော

ရုပ်၊ နာမ် အာဟာရပစ္စည်းတရား

## ၁၆။ ဣန္ဒြိယပစ္စယော

ရာဇပလ္လင်ထက်မှ ပြည့်ရှင်မင်းကို ဝန်းရံထားကြသည့် မှူးကြီးမတ်ရာ သေနာပတိတို့သည် မိမိတို့၏ ဆိုင်ရာကိစ္စရပ်တို့၌ အစိုးတရ အုပ်စိုးလွှမ်းမိုးနိုင်ကြသည်။

ထိုနည်းအတူ မျက်စိသည် မြင်ခြင်းကိစ္စ၊ နားသည် ကြားခြင်းကိစ္စ၊ နှာခေါင်းသည် နံခြင်းကိစ္စ၊ လျှာသည် အရသာသိခြင်းကိစ္စ စသည်အားဖြင့် မိမိတို့၏ ဆိုင်ရာကိစ္စရပ်တို့၌ အစိုးတရ အုပ်စိုးလွှမ်းမိုးနိုင်ခြင်းသည်လည်း ဣန္ဒြိယပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။


## ဆုတောင်း

"တိုင်းပြည်တွင်း၌ မှူးကြီးမတ်ရာ သေနာပတိတို့က မိမိတို့နှင့် ဆိုင်ရာဆိုင်ရာကိစ္စရပ်တို့၌
အသီးသီး စိုးပိုင်အုပ်ချုပ်ကြသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း
ကောင်းသော ရုပ်တရား၊ နာမ်တရားတို့က အသီးသီးလွှမ်းမိုး ခြယ်လှယ်စိုးပိုင်ကြပြီး
အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ကို
မျက်မှောက်ပြုနိုင်သည့် တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား"

# ၁၆။ ဣန္ဒြိယပစ္စယော

## ဆိုင်ရာပစ္စယုပ္ပန်တရားများအား အစိုးတရအဖြစ်ဖြင့် ကျေးဇူးပြုသောပစ္စည်း

***Indriya Paccaya (Faculty condition)***



တစ်ပြည်တွင်း၌ မင်းမှူးမတ်တို့အုပ်ချုပ်ကာ ဆိုင်ရာစိုးပိုင်ကြခြင်းကဲ့သို့သော
ဣန္ဒြိယပစ္စည်းတရားသုံးပါး

## ၁၇။ ဈာနပစ္စယော

တောင်ထိပ်သစ်ပင်ထက်မှလူသည် အဝေးအနီးရှိ ကြည့်လိုသောအရာကို ထင်ထင်ရှားရှားမြင်ပြီး သစ်ပင်အောက်၌ ရှိသူတို့အား ပြောပြနိုင်သည်။

ထိုနည်းအတူ ကြံစည်ခြင်း ဝိတက်၊ ဆင်ခြင်သုံးသပ်ခြင်း ဝိစာရ၊ နှစ်သက်ခြင်း ပီတိ၊ ချမ်းသာခြင်း သုခနှင့် တည်ငြိမ်ခြင်း ဧကဂ္ဂတာတို့သည်လည်း ကသိုဏ်းစသော အာရုံတို့ကို စူးစူးစိုက်စိုက်ရှု၍ ယှဉ်ဖော်ယှဉ်ဖက် နာမ်ရုပ်တရားတို့ကို စူးစိုက်ရှုနိုင်ခြင်းသည် ဈာနပစ္စည်း၏ အစွမ်းသတ္တိဖြစ်ပါသည်။

## ဆုတောင်း

“လူသားအများ အကုသိုလ်တရားတို့ကို ရှောင်ကြဉ်နိုင်ပြီး ကုသိုလ်တရားတို့ကို စဉ်ဆက်မပြတ် စူးစူးစိုက်စိုက်ပွားများကာ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို ဘဝမခြားဘဲ လွယ်ကူ လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေသား”

# ၁၇။ ဈာနပစ္စယော

## စူးစူးစိုက်စိုက် ရှုတတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း

***Jhāna Paccayo (Jhāna condition)***



တောင်ထိပ်သစ်ပင်ထက်မှ ကြည့်သူသည် ထင်ရှားတပ်အပ်မြင်ရသကဲ့သို့သော
ဈာနင်ခုနစ်ပါးတရား

## ၁၈။ မဂ္ဂပစ္စယော

ရေလမ်းခရီး၌ ကူးတို့လှေက စီးနင်းလိုက်ပါကြသူတို့အား လိုရာခရီးပန်းတိုင်ရောက်အောင် ပို့ဆောင်ပေးသည်။

ထိုနည်းအတူ အမြင်မှန်၊ အတွေးမှန်စသည့် သမ္မာမဂ္ဂင်ယာဉ်နှင့် အမြင်မှား၊ အတွေးမှားစသည့် မိစ္ဆာမဂ္ဂင်ယာဉ်တို့ကလည်း သတ္တဝါတို့ကို နတ်ရွာ သုဂတိနှင့် အပါယ် ဒုဂ္ဂတိ ဘုံဌာန အသီးသီးသို့ ပို့ဆောင်ပေးနိုင်ခြင်းသည် မဂ္ဂပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

"ပကတိလမ်းခရီးသည် သွားလာသူတို့အား လိုရာကိုရောက်စေနိုင်သကဲ့သို့
လောကလူသားတို့သည်လည်း မကောင်းသော အကုသိုလ်မဂ္ဂင်လမ်းအမှားကို
ရှောင်ရှားနိုင်ပြီး မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ကြားပြသပေးတော်မူခဲ့သည့်
ကောင်းမွန်သော၊ မှန်ကန်သော၊ လိုရာရောက်နိုင်သော ကုသိုလ်မဂ္ဂင်
လမ်းကောင်း လမ်းမှန်ကို လျှောက်လှမ်းနိုင်ကြပါစေသား"

## ၁၈။ မဂ္ဂပစ္စယော

## လမ်းဟူသော ထွက်မြောက်တတ်သောသဘောဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Magga Paccaya (Path condition)*



ကူးတို့ကဲ့သို့ လိုရာသို့ဆောင်ယူပို့ကာ ထွက်မြောက်စေတတ်သကဲ့သို့သော မဂ္ဂင်ပစ္စည်းတရားများ

## ၁၉။ သမ္မယုတ္တပစ္စယော

ထောပတ်၊ ပျားရည်၊ သကာနှင့် ဆီတို့ကို သမသွားအောင် ရောစပ်ထားသော စတုမဓု သည် အရသာလေးမျိုးတို့ကို ခွဲခြား၍မရနိုင်သည့်တိုင် အချင်းချင်း ယှဉ်တွဲသွားကြသည်။

ထိုနည်းအတူ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာစသည့် နာမ်ခန္ဓာလေးပါးတို့သည်လည်း တစ်ပါးနှင့်တစ်ပါး အချင်းချင်း ယှဉ်တွဲကြခြင်းသည် သမ္မယုတ္တပစ္စည်း၏ အစွမ်းသတ္တိ ဖြစ်သည်။


## ဆုတောင်း

"ထောပတ်၊ ပျားရည်၊ သကာနှင့် ဆီတို့ကို ရောစပ်ထားသော
စတုမဓု၌ အရသာလေးမျိုးတို့ ခွဲခြားမရနိုင်သည့်အထိ ရောစပ်သွားသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း ကောင်းမွန်မြင့်မြတ်သော၊ ကုသိုလ်တရားနှင့်ယှဉ်သော
နာမ်တရားတို့သည်လည်း အချင်းချင်း အညီအညွတ် ယှဉ်တွဲပေါင်းစည်းကာ
အမြင့်မြတ်ဆုံး လောကုတ္တရာတရားကို မျက်မှောက်ပြုနိုင်ပါစေသား"

# ၁၉။ သမ္ပယုတ္တပစ္စယော

## ယှဉ်သောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Sampayutta Paccaya(Association condition)*



စတုမဓုရောသည့်အခါ အချင်းချင်းယှဉ်ကြခြင်းကဲ့သို့သော သမ္ပယုတ္တပစ္စည်းတရား

## ၂၀။ ဝိပ္ပယုတ္တပစ္စယော

ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ အငန်ဟူသော အရသာခြောက်ပါးတို့ကို တစ်အိုးတည်း၌ ရောစပ်ထားသော်လည်း မရောနှောဘဲ အသီးအခြား သတ္တိပြကြသည်။

ထိုနည်းအတူ ရုပ်တရားနှင့် နာမ်တရားတို့သည် အတူတကွ ဖြစ်နေကြပါသော်လည်း တစ်ပါးနှင့်တစ်ပါး မလိုက်လျော မယှဉ်တွဲခြင်းသည် ဝိပ္ပယုတ္တပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

“ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး၊ အငန်ဟူသော ခြောက်ထွေရသာ ပေါင်း၍ထားသော်လည်း
မယှဉ်တွဲ မရောနှောသကဲ့သို့ ကောင်းသောရုပ်တရားက
ကောင်းသောနာမ်တရားအားလည်းကောင်း၊ ကောင်းသောနာမ်တရားက
ကောင်းသော ရုပ်တရားအားလည်းကောင်း မယှဉ်တွဲသော်လည်း
အတူတကွကျေးဇူးပြုပြီး လူသားအပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ချမ်းသာပါစေသား”

# ၂၀။ ဝိပ္ပယုတ္တပစ္စယော

## မယှဉ်သောအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်း

## *Vippayutta Paccayo (Dis - association condition)*



ရသာခြောက်ပါး ပေါင်းရောထားသောအခါ အချင်းချင်းမယှဉ်ကြခြင်းကဲ့သို့သော
ဝိပ္ပယုတ္တပစ္စည်းသုံးပါးတရား

## ၂၁။ အတ္ထိပစ္စယော

မြင်းမိုရ်တောင်ကြီးသည် မြက်သစ်ပင်တို့အား မြေဆီဩဇာထက်မြက်ပြီး ရှင်သန်ကြီးထွားစေရန် ထင်ရှားရှိသောအားဖြင့် ထောက်ပံ့ပေးသည်။

ထိုနည်းအတူ ထင်ရှားရှိနေသော နာမ်ရုပ်အကြောင်းတရားတို့သည်လည်း ထင်ရှားရှိနေသော နာမ်ရုပ်အကျိုးတရားတို့အား အထောက်အပံ့ပေးခြင်းသည် အတ္ထိပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

"မြင်းမိုရ်တောင်သည် မြက်ပင်သစ်ပင်တို့ကို ထင်ရှားရှိသောအားဖြင့်<br>ထောက်ပံ့ပေးထားသကဲ့သို့ လူသားအများ၏ သန္တာန်၌လည်း<br>ကောင်းမွန်သော ရုပ်တရား၊ နာမ်တရားတို့ ထင်ရှားစွာ ဖြစ်ပေါ်ကြပြီး<br>နေ့စဉ်ဘဝထဲ၌ မမေ့မလျော့သော အပ္ပမာဒသတိတရားဖြင့် နေနိုင်ပါစေသား"

# ၂၁။ အတ္ထိပစ္စယော

## ပစ္စုပ္ပန်သဘောဖြစ်ပြီး ထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

***Atthi Paccayo (Presence condition)***



မြင်းမိုရ်တောင်သည် မြေကြီးကို ထင်ရှားရှိခိုက်၌ ထောက်ပံ့ပေးသကဲ့သို့သော
အတ္ထိပစ္စည်းတရား

## ၂၂။ နတ္ထိပစ္စယော

ဆီမီးငြိမ်းသွားသဖြင့် အလင်းရောင် ကွယ်ပျောက်ပြီး အမိုက်မှောင် ဖြစ်ပေါ်လာသည်။

ထိုနည်းအတူ ရှေးရှေးစိတ်၊ စေတသိက် နာမ်တရားများချုပ်ပျောက်ကာ ထင်ရှားမရှိခြင်းဖြင့် နောက်နောက် နာမ်တရားများကို ဖြစ်ပေါ်ခွင့်ပေးခြင်းသည်လည်း နတ္ထိပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။

## ဆုတောင်း

“ဆီမီးငြိမ်းသွားခြင်းသည် အလင်းရောင်ကွယ်ပျောက်ပြီး အမိုက်မှောင်ဖြစ်ပေါ်လာသကဲ့သို့
လူသားတို့၏သန္တာန်၌လည်း မကောင်းသော အကုသိုလ်နာမ်တရားတို့ ကွယ်ပျောက်ပြီး
ကောင်းမွန်မြင့်မြတ်သော ကုသိုလ်နာမ်တရားတို့
စဉ်ဆက်မပြတ်ပေါ်လာကာ မဂ်ဉာဏ်ဖိုလ်ဉာဏ်တိုင် ကျေးဇူးပြုနိုင်ပါစေသား”

## ၂၂။ နတ္ထိပစ္စယော

ချုပ်ပျောက်သောအားဖြင့် မရှိသောအားဖြင့် နောက်ဖြစ်သော နာမ်တရားတို့အား ဖြစ်ခွင့်ပေးလျက် ကျေးဇူးပြုသောပစ္စည်း

***Natthi Paccaya(Absence condition)***



ငြိမ်းသေလေပြီးသောဆီမီးသည် အမိုက်မှောင်ကို ထင်ရှားမရှိတော့ခြင်းဖြင့် အကျိုးပြုသကဲ့သို့သော နတ္ထိပစ္စည်းတရား

## ၂၃။ ဝိဂတပစ္စယော

နေရောင်ကွယ်ပျောက်သွားခြင်းကြောင့် လရောင်ထွန်းလင်းတောက်ပခွင့်ရလာသည်။

ထိုနည်းအတူ ရှေးရှေး စိတ်၊ စေတသိက် နာမ်တရားတို့ ချုပ်ပျောက်ပြီး နောက်နောက် စိတ်၊ စေတသိက် နာမ်တရားတို့ ဖြစ်ပေါ်ခွင့်ပေးခြင်းသည် ဝိဂတပစ္စည်း၏ အစွမ်းသတ္တိ ဖြစ်သည်။

## ဆုတောင်း

"နေရောင် ကွယ်ပျောက်သွားခြင်းသည် လရောင်ထွန်းလင်းတောက်ပရန် ကျေးဇူးပြုသကဲ့သို့ လူသားတို့၏သန္တာန်၌လည်း မကောင်းသော၊ ညစ်နွမ်းသော နာမ်တရားတို့ ကွယ်ပျောက်ပြီး ကောင်းမွန်သော၊ ဖြူစင်သန့်စင်သော နာမ်တရားတို့က လောကုတ္တရာတရားကို မျက်မှောက်ပြုနိုင်သည့်တိုင်အောင် ထွန်းလင်းတောက်ပနိုင်ပါစေသား"

# ၂၃။ ဝိဂတပစ္စယော

## ကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Vigata Paccayo(Disappearance condition)*



ပျောက်ကွယ်သွားသော နေရောင်သည် လင်းသော လရောင်ကို ချုပ်ကင်းသောအဖြစ်ဖြင့်
ကျေးဇူးပြုသကဲ့သို့သော ဝိဂတပစ္စည်းတရား

## ၂၄။ အဝိဂတပစ္စယော

ပင်လယ်သမုဒ္ဒရာရေ မကုန်ခန်း မကင်းပျောက်သေးသမျှ ငါး၊ ငါးမန်း၊ မိကျောင်း၊ လိပ်စသော ရေနေသတ္တဝါတို့ အသက်ရှင်သန်ကြရသည်။

ထိုနည်းအတူ နာမ်တရား၊ ရုပ်တရားတို့သည်လည်း ယှဉ်ဖော်ယှဉ်ဖက် နာမ်ရုပ်တရားတို့အား မကင်းပျောက်သေးသမျှ အထောက်အပံ့ပြုခြင်းသည် အဝိဂတပစ္စည်း၏ အစွမ်းသတ္တိဖြစ်သည်။


## ဆုတောင်း

"သမုဒ္ဒရာရေသည် ငါး၊ လိပ်တို့အတွက် မကင်းမကွာဖြစ်၍ ကျေးဇူးပြုသကဲ့သို့
လူသားအများသည်လည်း ကောင်းသော ရုပ်တရား၊ ကောင်းသော နာမ်တရားတို့နှင့်တကွ
သီလတရားများ မကင်းမကွာပြည့်စုံကြပြီး
မဂ်ဖိုလ်နိဗ္ဗာန်တိုင်အောင် ကျေးဇူးပြုနိုင်ပါစေသား"

# ၂၄။ အဝိဂတပစ္စယော

## မကင်းကွာသောအားဖြင့် ကျေးဇူးပြုသောပစ္စည်း

## *Avigata Paccayo (Non - disappearance condition)*



သမုဒ္ဒရာသည် ယင်း၌ပျော်သောငါးတို့ကို မချုပ်ကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့သော
အဝိဂတပစ္စည်းတရား

ဤကောင်းမှု ကုသိုလ်ကြောင့်

ကမ္ဘာပေါ်တွင်

မြတ်ဗုဒ္ဓသာသနာတော်

အဓွန့်ရှည်ကြာ တည်တံ့၍

ကမ္ဘာသူ ကမ္ဘာသားအများ

ဝိမုတ္တိသုခကို ရရှိခံစားနိုင်ကြပါစေသော်(ဝ်)။

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ–သပြေပင်)